CVT myanmar

Center for Vocational Training

အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း

# CVT Newsletter



## Content


**အမှုဆောင်အရာရှိချုပ်၏ နှုတ်ခွန်းဆက်လွှာ** ၂

**အရည်အသွေးပိုင်းဆိုင်ရာ စွမ်းဆောင်ချက်များ**

- ဆရာ/မများ၏ နှစ်စဉ်မွမ်းမံသင်တန်း ပြုလုပ်ခြင်း ၃
- ဆရာ/မများနှင့် ဝန်ထမ်းများအတွက် ကွန်ပျူတာသင်တန်း ၃
- ပရိဘောဂဆိုင်ရာ ဆွစ်ပညာရှင်၏ လုပ်ဆောင်ချက်များ ၃
- Mechanist Aassessment Center အသိအမှတ်ပြုရန် ၃

**ကျွမ်းကျင်မှုဆိုင်ရာနှင့် လူမှုရေး လှုပ်ရှားမှုများ**

- ပရိဘောဂဆိုင်ရာသင်တန်း၏ လုပ်ဆောင်ချက်များ ၄
- စီးပွားရေးသင်တန်း၏ လေ့လာရေးခရီးစဉ် ၅
- လျှပ်စစ်ဆိုင်ရာသင်တန်း၏ လုပ်ဆောင်ချက်များ ၅
- ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်း၏လုပ်ဆောင်ချက် ၅
- သတ္တုပစ္စည်းဆိုင်ရာသင်တန်း၏ လုပ်ဆောင်ချက်များ ၆
- အခြေခံ ဂက်ဘ်ဒီဇိုင်း ရေးဆွဲနည်းသင်တန်းဆင်းပွဲ ၆
- သက်မွေးအကြိုသင်တန်း (E4Y) ၆-၇
- CVT တည်ထောင်သူ ကွယ်လွန်ခြင်း ၁၁ နှစ်ပြည့် ၈

**အလုပ်သင်နှင့် ကုမ္ပဏီများ၏ စကားသံ** ၈

**CVT အသိုက်အဝန်း ခိုင်မာစေရန် လုပ်ဆောင်ချက်များ**

- The Lighthouse Club International မှ ပညာသင် ထောက်ပံ့ခြင်း ၉
- Mickey's Real Wood Upcycled Furniture နှင့် လက်မှတ်ရေးထိုးခြင်း ၉

**CVT ၏ ထင်ရှားသော လှုပ်ရှားမှုများ** ၁၀-၁၁



စာစဉ် ၄၉၊ ဇန်နဝါရီလ ၂၀၂၀


Complimentary

၄၉

# အမှုဆောင် အရာရှိချုပ်မှ နှုတ်ခွန်းဆက်လွှာ

စာဖတ်ပရိသတ်အားလုံး မင်္ဂလာပါရှင်

၂၀၂၀ခုနှစ်အတွက်ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု၊ အောင်မြင်မှု အပြည့်ဖြင့် ပိုင်ဆိုင်ခွင့်ရရှိစေရန်အတွက် CVT Myanmar တစ်မိသားစုလုံး ကိုယ်စား ဤနေရာမှဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။ အထူးသဖြင့် ယခုနှစ်၏ ပထမဆုံးစာစောင်တွင် ပိုမို စိတ်ဝင်စားဖွယ် ကောင်းသော သတင်းအချက်အလက်များနှင့် ဓာတ်ပုံများ၊ လွန်ခဲ့သော နှစ်ကာလများတွင် CVT ၏ အရေးကြီးသော သမိုင်းမှတ်တိုင်များကို တင်ပြခွင့် ရရှိသဖြင့် လွန်စွာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ CVT Myanmar ၏ သတင်းစာစောင်အား ဖတ်ရှုသည့်အတွက် ကျေနပ်နှစ်သက်မှုရရှိစေဖို့ မျှော်လင့်မိပါတယ်။

CVT သည် နှစ်လမ်းသွားပညာရေးစနစ်ကို ဖော်ဆောင်သည့် စံပြ အသက်မွေးမှုကျောင်းတစ်ခုအဖြစ် အလုပ်သင် ပညာရေးစနစ်ကို စာတွေ့ လက်တွေ့ သင်ကြားပေးလျှက်ရှိပါသည်။ CVT Myanmar သည် လွန်ခဲ့သော (၁၇) နှစ်မှစ၍ စီးပွားရေးအထောက်အကူပြုသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာသင်တန်း၊ ပရိဘောဂပြုလုပ်မှု အတတ် ပညာသင်တန်း၊ ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာ အတတ်ပညာသင်တန်းနှင့် သတ္တုပစ္စည်းထုတ်လုပ်မှုအတတ်ပညာသင်တန်း စသည့် သက်မွေးအတတ်ပညာ နယ်ပယ် (၅) ခုအတွက် (၃) နှစ်တက်ရောက်ရသော နှစ်လမ်းသွား အလုပ်သင် ပညာရေးစနစ်ကို ပြည်တွင်းမိတ်ဖက် အလုပ်သင်ကုမ္ပဏီပေါင်း ရာကျော်နှင့် ပူးပေါင်း၍ သင်ကြားပေးလျှက်ရှိပါသည်။ ကျွန်ုပ်တို့၏ မိတ်ဖက် လုပ်ငန်းများ အနေဖြင့် မှန်ကန်သော စိတ်ထားရှိသည့် ဝန်ထမ်းများကို ခန့်အပ်ပြီး လုပ်ငန်းခွင်အတွက်လိုအပ်သော စာတွေ့ဗဟုသုတ သီအိုရီများနှင့် မရှိမဖြစ် လိုအပ်သော ကျွမ်းကျင်မှု အရည်အသွေးများရရှိစေရန် လက်တွေ့လေ့ကျင့်ဆောင်ရွက်မှုများကို CVT Mayanmar တွင် သင်ယူလေ့လာစေခြင်းဖြင့် ဈေးကွက်အခြေအနေနှင့်အညီ လိုက် လျောညီထွေရှိစွာ လုပ်ငန်းခွင်တွင် ဆက်လက် တည်မြဲစွာ လုပ်ကိုင်နိုင်မည် ဖြစ်သည်။

## အလုပ်သင် သင်တန်းသားများ ရရှိနိုင်သည့် အကျိုးကျေးဇူးများ

- ပညာသင်ကြားရင်းနှင့် မှန်ကန်သော လုပ်ငန်းခွင် ပတ်ဝန်းကျင်တွင် သင်ယူနေစဉ်အတွင်း ဝင်ငွေရရှိနိုင်ခြင်း၊



- အဆက်အသွယ်ကောင်းများရရှိခြင်း၊
- စာတွေ့ သီအိုရီများနှင့် လက်တွေ့လေ့ကျင့်ဆောင်ရွက်မှုများ တစ်ပြိုင်တည်း ရရှိနိုင်ခြင်း၊
-အလားအလာကောင်းများဖြင့် ကျွမ်းကျင်ပညာရှင်အဆင့်သို့ တက်လှမ်းနိုင်ခြင်းနှင့် အလုပ်သင် သင်တန်းသားတစ်ဦးချင်းစီ၏ ရွေးချယ်လေ့လာရာ ကျွမ်းကျင်မှု နယ်ပယ်အလိုက် အသိအမှတ်ပြုလက်မှတ်များ ရရှိနိုင်ခြင်း၊

## မိတ်ဖက် စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ

-စာသင်ခန်းအတွင်းမှ စာတွေ့၊လက်တွေ့ သင်ကြားပြသပေးလိုက်သည့် အသိပညာ ဗဟုသုတများကို လုပ်ငန်းခွင်တွင် အသုံးချ လုပ်ကိုင်လာနိုင်ခြင်း၊
-လုံခြုံစိတ်ချရသော ကျွမ်းကျင် ဝန်ထမ်းကောင်းများနှင့် မန်နေဂျာကောင်းများ ရရှိနိုင်ခြင်း၊
- လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်ခွန်အား တိုးတက်လာခြင်းတို့ကြောင့် လုပ်ငန်းရှင်များ၏ ကုန်ထုတ်စွမ်းအား တိုးတက်လာခြင်း၊

ကျွန်ုပ်တို့၏ သင်ကြားရေးပိုင်းဆိုင်ရာ အရည်အသွေးနှင့် ကျွမ်းကျင်တတ်မြောက်မှုများကို ဆန်းစစ် ဆောင်ရွက်မှုတွင် ပူးပေါင်းပါဝင်ခဲ့သည့် မိတ်ဖက် စီးပွားရေးလုပ်ငန်းရှင်များ၏ တုန့်ပြန် အကြံပြုမှုများ၏ ရလဒ်များအပေါ် အလေးထားဆောင်ရွက်ခြင်းဖြင့် CVT Myanmar သည် ၂၀၁၉ ခုနှစ် မှ ၂၀၂၃ ခုနှစ်အထိ (၅)နှစ်တာ မဟာဗျူဟာ အသစ်ကို ရေးဆွဲချမှတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ပြောင်းလဲပြင်ဆင်ချမှတ်ခဲ့သည့် မဟာဗျူဟာနှင့်အညီ လုပ်ငန်းခွင်၏ လိုအပ်ချက်အရ သက်မွေး ပညာရေး အစီအစဉ်နှင့် သင်ရိုးညွှန်းတမ်းများကို ပြင်ဆင် ရေးဆွဲခြင်းသာမက CVT Myanmar ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော် အစိုးရမှလည်း အနာဂတ် နည်းပညာနှင့် သက်မွေးပညာရေးနှင် လေ့ကျင့်ရေးကဏ္ဍ တိုးတက်လာစေရေး အတွက် အဆင့်မြှင့်တင် ဆောင်ရွက်နေပြီဖြစ်ပါသည်။ လွန်ခဲ့သော ကာလ ဆယ်စုနှစ်များစွာ ပိတ်ထားခဲ့သော မြန်မာနိုင်ငံတစ်ဝှမ်းရှိ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း အတော်များများကိုလည်း နိုင်ငံတော်အစိုးရမှ ပြန်လည် ဖွင့်လှစ်ပေးခဲ့ပြီ ဖြစ်ပါသည်။ ထို့ကြောင့် အစိုးရ၊ ပုဂ္ဂလိကနှင့် သက်မွေးပညာကျောင်းများ အတူတကွ ပူးပေါင်း လက်တွဲခြင်းဖြင့် မြန်မာလူငယ်များ၏ ဘဝတိုးတက်ရေး၊ ပြည်တွင်း လုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်လာစေရေးအပြင် ကျွန်ုပ်တို့ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးတိုးတက်လာစေရေးတို့ကို ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ကျွန်ုပ်တို့၏ မိတ်ဖက်လုပ်ဖော်ကိုင်ဖက်များမှ မြန်မာလူငယ်လူရွယ်များနှင့် CVT Myanmar အား နှစ်ကာလ ကြာရှည် သစ္စာရှိစွာဖြင့် ထောက်ပံ့ကူညီပေးမှုများကို လှိုက်လှိုက်လှဲလှဲ ကျေးဇူး အထူးတင်ရှိပါကြောင်းနှင့် အနာဂတ် မိတ်ဆွေသစ် လုပ်ဖော်ကိုင်ဖက် အသစ်များအား လမ်းဖွင့် ကြိုဆို ဖိတ်ခေါ်လျှက် ရှိပါကြောင်း ပြောကြားရင်းဖြင့် နိဂုံးချုပ် အပ်ပါသည်။

# အရည်အသွေးဆိုင်ရာ စွမ်းဆောင်ချက်များ

## CVT ဆရာ/မများ၏ နှစ်စဉ် မွမ်းမံသင်တန်းပြုလုပ်ခြင်း





ဆွစ်ဇာလန်နိုင်ငံမှ Teacher Trainer ဆရာမ Ms. Petra Schade သည် နှစ်စဉ် ဆရာ/မများ မွမ်းမံသင်တန်းအတွက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှ ၃၀ ရက်နေ့အထိ CVT Myanmar သို့ လာရောက်ခဲ့ပါသည်။ ထိုရက်များတွင် ဆရာ/မ တစ်ဦးချင်းစီ၏ စာသင်ကြားမှုပုံစံများ လေ့လာခြင်းနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော မွမ်းမံ သင်တန်းအတွက် လေ့လာမှု၊ သင်ခန်းစာ ပုံစံကြိုတင် ရေးဆွဲခြင်း၊ အဆင့်မြင့် သင်ကြားမှု နည်းစနစ်များ၊ကျောင်းသားဗဟိုပြု ချဉ်းကပ်မှုနှင့် သင်ခန်းစာ စခြင်း၊ အကဲဖြတ်ခြင်း- အဓိပ္ပာယ်၊ အကဲဖြတ်မှု မူဘောင်၊ အကဲဖြတ်ပုံစံများ၊ အရည်အသွေးစံအစရှိသော ဘာသာရပ်များအား မျှဝေသင်ကြားခဲ့ပါသည်။ ယင်းသင်တန်းကာလအတွင်း ဌာနအသီးသီး၏ ဆရာ/မများသည်လည်း တက်ကြွစွာပါဝင် လေ့လာခဲ့ပြီး ဘာသာရပ်များအပေါ် မူတည်၍ ကွဲပြားခြားနားသော သင်ကြားနည်းများကို လေ့လာ သင်ယူခွင့်ရခဲ့ပါသည်။

## CVT ဆရာ/မများနှင့် ဝန်ထမ်းများအတွက် ကွန်ပျူတာ စွမ်းရည်မြှင့်သင်တန်းပို့ချခြင်း



၁၈ - ၁၁ - ၂၀၁၉ နေ့မှ ၃၁-၁-၂၀၂၀ နေ့တို့တွင် CVT Myanmar မှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအား ကွန်ပျူတာ အသုံးပြုမှုစွမ်းရည် အရည်အသွေးမြှင့်တင်ပေးရန် CVT Myanmar ၏ General Education ဌာနမှ ကွန်ပျူတာဆရာမ ဒေါ်ကလျာအောင် (၂) မှ ဌာနတွင်း ကွန်ပျူတာစွမ်းရည်မြှင့်သင်တန်းကို ပို့ချသင်ကြား ဆောင်ရွက်ပေးခဲ့ပါသည်။



## ပရိဘောဂအတတ်ပညာဆိုင်ရာ ဆွစ်ကျွမ်းကျင်ပညာရှင်၏ လုပ်ဆောင်ချက်များ



CVT Myanmar ၏ ပရိဘောဂအတတ်ပညာဆိုင်ရာ ဆွစ်ဇာလန်ကျွမ်းကျင်ပညာရှင် Mr. Josef Bucheli သည် ၂၀၁၉ခုနှစ် နိုဝင်ဘာလ (၁၈)ရက်နေ့မှ ဒီဇင်ဘာလ (၁၃) ရက်နေ့အထိ ပရိဘောဂအတတ်ပညာဆိုင်ရာ ကာလတို သင်တန်းအားလည်းကောင်း၊ လက်တွေ့ဆောင်ရွက်မှု အခန်းနှင့် စက်ပစ္စည်းများအား ထိန်းသိမ်းဆောင်ရွက်မှုများအား လည်းကောင်း၊ ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ပံ့ပိုးကူညီပေးခဲ့ပါသည်။

## အမျိုးသားကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့ (NSSA) Mechanist Level 1 Assessment Center အသိအမှတ်ပြုပေးရန် စစ်ဆေးခြင်း








CVT Myanmar သတ္တုပစ္စည်းထုတ်လုပ်မှုအတတ်ပညာသင်တန်း၏ Mechanist Level 1 အတွက် Assessment Center ကျွမ်းကျင်မှု စိစစ်အကဲဖြတ်ရေးဌာနအဖြစ် အသိအမှတ်ပြုရရှိရေး အမျိုးသားကျွမ်းကျင်မှုစံသတ်မှတ်ရေးအဖွဲ့သို့ တင်ပြလျှောက်ထားခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အမျိုးသားကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့ (NSSA) မှ ကျွမ်းကျင်မှု စိစစ်အကဲဖြတ်ရေးဌာနအဖြစ် သတ်မှတ်ပေးရေးအတွက် CVT Myanmar သို့လာရောက်၍ အကဲဖြတ်ကြည့်ရှု စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

# အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုဆိုင်ရာနှင့် လူမှုရေးလုပ်ရှားမှုများ

## Industrial Based Reclaimed Wood Furniture Making သင်တန်းဆင်းပွဲ






CVT Myanmar မှ ရည်မှန်းချက် ချမှတ်ထားသည့် မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်မှုတစ်ခု ဖြစ်သော ပရိဘောဂ အတတ်ပညာ ကာလတိုသင်တန်း Industrial Based Reclaimed Wood Furniture Making Course တစ်လသင်တန်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့ မှ (၂၆) ရက်နေ့အထိ သင်တန်းသား (၁၃) ဦးဖြင့် အောင် မြင် စွာ ဖွင့်လှစ်ပြီးစီးခဲ့ပါသည်။ သင်တန်းသား အားလုံးသည် သင်တန်း ကာလတစ်လျှောက်လုံး စိတ်ဝင်စားမှုအပြည့်ဖြင့် တက်ရောက်ခဲ့ကြပြီး ကောင်းမွန်သော ရလဒ်များရရှိခဲ့ပါသည်။ သင်တန်းဆင်းပွဲတွင် CVT Myanmar ၏ ဆွစ်ဇာလန်မှ ကျွမ်းကျင်ပညာရှင် Mr. Josef Bucheli က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးခဲ့ပါသည်။

## Basic Upcycling Wood သင်တန်းဆင်းပွဲ









CVT Myanmar နှင့် Mickey Real Wood Furniture တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် Upcycling Wood Working Course (1/2019) သင်တန်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ၃၀ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပြီးစီးခဲ့ပြီး သင်တန်းဆင်းပွဲတွင် CVT Myanmar ၏ ဆွစ်ဇာလန်မှ ကျွမ်းကျင်ပညာရှင် Mr. Josef Bucheli က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးခဲ့ပါသည်။

## ပရိဘောဂအတတ်ပညာ လက်တွေ့ ပြုလုပ်မှုပြီးစီးခြင်း





ပရိဘောဂအတတ်ပညာသင်တန်း အပတ်စဉ် (၁၅) ၏ နောက်ဆုံးနှစ် ကျောင်းသား/သူများသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့ မှ (၁၃)ရက်နေ့အထိ မြောက်ဥက္ကလာပမြို့နယ်ရှိ INCHEM Surface Polishing & Coating တွင် ပရိဘောဂပစ္စည်းများ ဆေးသုတ်အရောင်တင်ခြင်းဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြပါသည်။ INCHEM Surface Polishing & Coating သည် CVT Myanmar များအား coating ပိုင်းဆိုင်ရာ လက်တွေ့ဆောင် ရွက်မှုအတွက် လိုအပ်သည့် finishing material များသာမက finishing ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ အသိပညာ၊ အတတ်ပညာများကိုပါ မျှဝေပံ့ပိုးပေးခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှစတင်၍ INCHEM Surface Polishing & Coating ၏ (၁၅) နှစ်တိုင်တိုင် ပံ့ပိုးမှုများအား CVT Myanmar များမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## စီးပွားရေးအထောက်အကူပြုသင်တန်း၏ လေ့လာရေး ခရီးစဉ်




စီးပွားရေးအထောက်အကူပြုသင်တန်းမှ အလုပ်သင် သင်တန်းသူ/သားများ နှင့် ဆရာမသည် ၂၀၁၉ခုနှစ် ဒီဇင်ဘာ လ (၂၀) ရက်နေ့တွင် MSP CAT နှင့် FAME Industry တို့ရှိ အလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ သွားရောက်လေ့လာသည့် လုပ်ငန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက လိုက်လံပျူငှာစွာ ကြိုဆို၍ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများ နှင့် အတွေ့အကြုံများကို ရှင်းလင်းပေးခဲ့ပြီး စက်ရုံဝန်းအတွင်း လိုက်လံပြသပေးခဲ့ကြပါသည်။ အလုပ်သင် သင်တန်းသူ/သားများသည် လေ့လာရေးခရီးစဉ် မှ အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံ ဗဟုသုတ များစွာ ရရှိခဲ့ကြပါသည်။

## CVT & MJSL Field Engineer Program သင်တန်းဆင်းပွဲ






Myanmar Jardine Schindler နှင့် CVT Myanmar တို့ ပူးပေါင်းဆောင်ရွက်သည့် Field Engineer Certification Program Graduation အပတ်စဉ် ၃ သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့၌ တောင်ဥက္ကလာပမြို့နယ်ရှိ Grand Mercure Hotel တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားတွင် မြန်မာနိုင်ငံရှိ ဆွစ်ဇာလန်သံရုံးမှ Ms. Corinne Henchoz Pignani, Head of Economics and Political Affairs နှင့် CVT Myanmar ၏ အမှုဆောင်အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာတို့မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကင်း ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ခင်မာအေးလည်း တက်ရောက်ချီးမြှင့်ခဲ့သည်။ Jardine Schindler နှင့် CVT Myanmar မှ ဆရာ/မ နည်းပြများ၊ သင်တန်းသားများ၏ မိဘများ အပါအဝင် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး သင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။ ထို့နောက် Myanmar Jardine Schindler မှ အထွေထွေ မန်နေဂျာဖြစ်သူ Mr. Sam Wong က နိဂုံးချုပ် ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

## Chin Baptist Union (CBU) နှင့် ပူးပေါင်းဆောင်ရွက်သည့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းဆင်းပွဲ

CVT Myanmar နှင့် Chin Baptist Union တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အခြေခံအိမ်တွင်း ဝါယာကြိုးတပ်ဆင်ခြင်း တစ်လသင်တန်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့ မှ ၃၀ ရက်နေ့အထိ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းဆင်းအခမ်းအနားကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သင်တန်းသား ၂၉ ဦးဖြင့် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ ထိုသို့ အလားတူ သင်တန်းကို ချင်းနစ်ခြင်းအသင်းနှင့် ပူးပေါင်း၍ ၂၀၂၀ ခုနှစ်တွင် သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။



## NSSA Waiting Staff ကျွမ်းကျင်မှုအဆင့် ၁ အသိအမှတ်ပြု လက်မှတ်ချီးမြှင့်ပွဲ



ဒီဇင်ဘာလ ၇ ရက်နေ့ ၂၀၁၉ တွင် သုဝဏ္ဏရပ်ကွက်၊ အမှတ် ၂၉၊ မြဝတ်ရည်လမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်းတွင် NSSA လက်မှတ်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။ CVT Myanmar ၏ ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်း မှ အလုပ်သင် သင်တန်းသား ၉ ဦးသည် NSSA လုပ်ငန်းခွင်ကျွမ်းကျင်မှုစံနှုန်းအတွက် NSSA Waiting Staff level 1 လက်မှတ်ကိုရရှိခဲ့ကြပါသည်။

## ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း သတ္တုပစ္စည်းထုတ်လုပ်မှု အတတ်ပညာသင်တန်းဆင်းပွဲ

CVT Myanmar နှင့် New Humanity Myanmar ပူးပေါင်း၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းတွင် သတ္တုပစ္စည်းထုတ်လုပ်မှု အတတ်ပညာ နှစ်လသင်တန်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ(၂၁) ရက်နေ့မှ ဒီဇင်ဘာလ (၁၉) ရက်နေ့အထိ သင်တန်းသား (၃၀) ဦးဖြင့် သင်ကြားပို့ချခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် သင်တန်းဆင်းပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။



## Coca Cola Pinya Beverage Myanmar Limited နှင့် ပူးပေါင်းဆောင်ရွက်သည့် သင်တန်းစတင်ခြင်း



Coca Cola Pinya Beverage Myanmar Limited နှင့် CVT Myanmarတို့သည် CCPBM's staff capacity building သင်တန်းအတွက် ပူးပေါင်း သဘောတူညီစာချုပ်အရ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် သတ္တုပစ္စည်းထုတ်လုပ်မှု အတတ်ပညာဆိုင်ရာ Technical Mathematics ၊ Metal Working Technique နှင့် Technical Drawing နှင့် PLC (S7 200) သင်တန်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။



## အခြေခံ Website Design သင်တန်းဆင်းပွဲ



CVT Myanmar မှ ရည်မှန်းချမှတ်ထားသည့် မဟာဗျူဟာအကောင်အထည် ဖော်ဆောင်ရွက်မှု တစ်ခုဖြစ်သည့် Basic Website Design Course ကာလတို (၂) လခွဲ သင်တန်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၅) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၈) ရက်နေ့တွင် သင်တန်းသား (၉) ဦးသည် အောင်မြင်စွာ သင်တန်းပြီးစီးခဲ့ပါသည်။



## သက်မွေးအကြိုသင်တန်းမှ တတိယနှစ် ကျောင်းသား/သူများ CVT PTC တွင် လက်တွေ့လာရောက်ပြုလုပ်ခြင်း








သက်မွေးအကြိုသင်တန်းမှ သင်တန်းသူ/သားများနှင့် ဆရာများသည် ၂၀၁၉ခုနှစ် ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် CVT Myanmar ၏ သယ်န်းကျွန်းတွင်ရှိသည့် ပရိဘောဂအတတ်ပညာ၊ သတ္တုပစ္စည်းထုတ်လုပ်မှုအတတ်ပညာနှင့် လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာတို့၏ လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှုများကို လာရောက်လေ့လာခဲ့ကြပါသည်။ ကျောင်းသား/သူများသည် E4Y တွင် သင်တန်းဆင်းပြီးနောက် ၎င်းတို့၏ အနာဂတ် အသက်မွေးဝမ်းကြောင်းကို မှန်ကန်စွာ ရွေးချယ်နိုင်ရန်အတွက် ထိုလေ့လာမှုသည် အထောက်အပံ့ကောင်းများစွာ ဖြစ်ပေါ်စေခဲ့ပါသည်။

## သက်မွေးအကြိုသင်တန်း (E4Y) မှ ၂၀၂၀ - ၂၀၂၁ စာသင်နှစ်အတွက် သင်တန်းသားများခေါ်ယူခြင်း





E4Y သည် ၂၀၁၈ ခုနှစ်မှ စ၍ ကျောင်းပြင်ပရောက် လူငယ်လေးများအတွက် စာပေပညာ၊ လက်မှုပညာ၊ အားကစားနှင့် လုပ်ငန်းခွင် အကြိုပြင်ဆင်မှုဆိုင်ရာ ဘာသာရပ်များကို စာတွေ့ လက်တွေ့ သင်ကြားပေးလျက်ရှိပါသည်။ ယခုအခါ တန်းခွဲ (၁၂) တန်း၊ သင်တန်းသား/သူ ဦးရေ (၄၀၀) ကျော်လက်ခံသင်ကြားပေးခဲ့ပြီး၊ သင်တန်းဆင်း (၁၃၂) ဦးတို့မှာ အသက်မွေးဝမ်းကြောင်း နယ်ပယ်အသီးသီးတွင် အလုပ်လုပ်ရင်း၊ တစ်သက်တာပညာရေးကို ဆက်လက်အကောင် အထည် ဖော်လျက်ရှိပါသည်။

E4Y ၏ တန်းခွဲသစ်ကို ၂၀၂၀ ခုနှစ်၊ မေလဆန်းတွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသဖြင့် ကျောင်းပညာရေးတွင် အခြေအနေ အမျိုးမျိုးကြောင့် ပြီးမြောက်အောင်မြင်အောင် မတက်နိုင်တော့သော အောက်ပါ လူငယ်လေးများ ဆက်သွယ်နိုင်ပါသည်။

**တက်ရောက်နိုင်သည့်လူငယ်လေးများ**

- အသက် - ၁၃နှစ် မှ ၁၆ နှစ်
- အတန်းပညာ - အလယ်တန်း (သို့) မူလတန်းပညာရေးဖြင့် ကျောင်းထွက်ထားသူ

**သင်တန်းကာလနှင့်အချိန်**

- တက်ရောက်ရမည့်ကာလ - သင်တန်းသား၏ အရည်အချင်းနှင့်အသက်အရွယ်ပေါ်မူတည်၍ (၃) နှစ် မှ (၄) နှစ် အထိတက်ရပါမည်။
- အချိန် - နံနက် ၉ နာရီမှ ၃ နာရီ (တနင်္လာမှ သောကြာနေ့)
- သင်တန်းကြေး - အခမဲ့
- သင်တန်းမှ ထပ်ဆောင်းပေးမည့်အရာများ **နွေးထွေးလုံခြုံသောပတ်ဝန်းကျင်၊ ဆန်းသစ်သော သင်ကြားမှုပုံစံ၊ ခရီးစရိတ်၊ စာရေးကိရိယာ၊ သင်ထောက်ကူပစ္စည်းများနှင့် နေ့လည်စာ (ဟင်း) တို့ကိုပါ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။**
- အသေးစိတ်သိရှိလိုပါက - ဖုန်း ၀၉-၄၄၃၁၀-၄၆၈၃/ ၀၉-၄၂၁၀-၇၂၄၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။








## Young Manager Batch-1 သင်တန်းဆင်းပွဲ





CVT Myanmar ၏ ဘွဲ့လွန်အဆင့် စွမ်းရည်မြှင့်သင်တန်းများထဲမှ Young Manager Program (Batch-1) အား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ နှင့် ၂၂ ရက်နေ့တို့တွင် သင်တန်းသား (၁၇) ဦးဖြင့် အောင်မြင်ပြီးမြောက်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပြီး သင်တန်းသားအားလုံးသည် သင်တန်းကာလတစ်လျှောက်လုံး စိတ်ဝင်စားမှုအပြည့်ဖြင့် တက်ရောက်ခဲ့ကြပြီး ကောင်းမွန်သော ရလဒ်များရရှိခဲ့ပါသည်။

## CVT တည်ထောင်သူ Mr. Max-O. Wey ကွယ်လွန်ခြင်း ၁၁ နှစ်ပြည့် အောက်မေ့ဖွယ်





ဆွစ်ဇာလန်နိုင်ငံသား Mr. Max - O. Wey သည် ၂၀၀၂ ခုနှစ်မှစ၍ အခက်အခဲပေါင်း များစွာကြားမှ အသက်မွေးမှု အတတ်ပညာ သင်တန်းကျောင်းအား မြန်မာနိုင်ငံတွင်တည်ထောင်ပေးခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံ၏ Dual Apprenticeship နှစ်လမ်းသွား အသက်မွေးမှုအတတ်ပညာဆိုင်ရာ စနစ်အား စတင်မိတ်ဆက်ခဲ့သူဖြစ်သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ ဆွစ်ဇာလန်မှ စာတွေ့လက်တွေ့ သက်မွေးပညာသင်ကြားမှုအား မိတ်ဆက်ပေးခြင်းဖြင့် မြန်မာလူငယ်များ၏ အနာဂတ်အား တောက်ပအောင် ဖန်တီးနိုင်ပြီး၊ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံး အသိအမှတ်ပြုသော ပညာရေးအဆင့်သို့ ကူးပြောင်းနိုင်လိမ့်မည်ဟု ယုံကြည်ချက်ဖြင့် မြန်မာနိုင်ငံတွင် CVT အား တည်ထောင်ခဲ့ပါသည်။ Mr. Max သည် မမျှော် လင့်ပဲ ၂၀၀၈ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားခဲ့ပါသည်။ Mr. Max ကွယ်လွန်သွားခဲ့သော်လည်း ၎င်း၏ စိတ်ဓါတ်ဓာတ်ဂိညာဉ်သည် CVT အား အပေါ်မှ စောင့်ရှောက်နေလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်မိပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၂၈)ရက်နေ့ကွယ်လွန်ခြင်း ၁၁ နှစ်ပြည့် အောက်မေ့ဖွယ်ကို မဟာသိပ္ပံ ဘုန်းကြီးကျောင်းတွင် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း အမျှဝေခဲ့ကြပါသည်။

# အလုပ်သင်/ကုမ္ပဏီများ၏ စကားသံ

## အလုပ်သင် သင်တန်းသား၏ စကားသံ

CVT Myanmar သင်တန်းကျောင်းကို တက်ရောက်ရသည့်အတွက်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း ဦးစွာပထမ ပြောကြားလိုပါသည်။ CVT ကို မတက်ရောက်ခင်တွင် တကယ့်လုပ်ငန်းခွင်နယ်ပယ်များမှာ အလုပ်လုပ်နေရတာတွေက Technical ပိုင်းနှင့်ပတ်သက်ပြီး အားနည်းချက်တွေက အများကြီးကို ကြုံတွေ့ခဲ့ရပါသည်။ Electricial Technical ပိုင်းနှင့် ပတ်သက်ပြီး လေ့လာသင်ယူနေသူ တစ်ဦးအနေဖြင့် electrical ပိုင်းနှင့် ပတ် သက်ပြီး ဘဝ ရပ်တည်မှုလမ်းကြောင်းကို ရွေးချယ်ခဲ့ရာတွင် အခက်အခဲများစွာ ရှိနေခဲ့ပါသည်။ CVT သင်တန်းကျောင်းကို ရွေးချယ်တက်ရောက်ဖြစ်ရတဲ့ အကြောင်းရင်းသည် Electrical နယ်ပယ်များတွင် CVT မှ သင်တန်းဆင်းများ၏ အရည်အသွေးစွမ်းဆောင်ရည်များကို သိမြင်တွေ့ရသည့်အတွက် ရွေးချယ်တက်ရောက်ရခြင်းဖြစ်ပါသည်။ ထို့အပြင် မိမိဘဝရပ်တည်မှုအတွက် ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင် လုပ်ကိုင်ချင်တဲ့ ရည်ရွယ်ချက်ကို CVT မှ ရရှိသည့် အတတ်ပညာ၊ အသိ ပညာများဖြင့် ဆောင်ရွက်မည်ဆိုသည့် မျှော်လင့်ချက်ဖြင့် သင်တန်းကို စတင်တက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ CVT သင်တန်းကျောင်းမှ သင်ကြားပို့ချသည့်ဘာသာရပ်များနှင့် စာတွေ့လက်တွေ့နည်းစနစ်များကြောင့် electrical technical လုပ်ငန်းပိုင်းဆိုင်ရာ ပညာရပ်များ ပြည့်ဝစွာ လေ့လာသင်ကြားခွင့်ရခဲ့ပါသည်။ ထို့ကြောင့် မိမိကိုယ်တိုင် ရွေးချယ်မိတဲ့ ဘဝလမ်းကြောင်းတွင် ယခင်ကထက် ပိုမိုယုံကြည်မှုရှိလာတဲ့အပြင် ဆရာ/မများ အတန်းဖော်များနှင့် တွေ့ဆုံခင်မင်ရလို့ ဆက်ဆံရေး နယ်ပယ်တွင်လည်း ပိုမို ကျယ်ပြန့်လာခဲ့ပါသည်။ ယခုဆိုရင် ကျွန်တော်ကိုယ်တိုင် လျှပ်စစ်လုပ်ငန်းများကို ပြုလုပ်တတ်ရုံသာမက လျှပ်စစ်ပိုင်းနှင့်ပတ်သက်ပြီး ဒီဇိုင်းများကိုပါ ဖန်တီးနိုင်ပြီ ဖြစ်သည့်အပြင် ကျွန်တော်၏ ရည်ရွယ်ချက်အတိုင်း အသေးစား ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို CVT Myanmar မှ အတန်းတူသူငယ်ချင်းများနှင့် ပူးပေါင်း၍ Omega Electric အမည်ဖြင့် လုပ်ငန်းထူထောင်နိုင်ခဲ့ပြီ ဖြစ်သည်။




ကျွန်တော့်ဘဝ ရည်မှန်းချက်အကောင်အထည် ဖော်ခွင့်ရအောင် သင်ကြားပို့ချပေးခဲ့တဲ့ CVT Myanmar သင်တန်းကျောင်းနှင့် အကြံ ဉာဏ်ကောင်းများစွာ ပံ့ပိုးပေးခဲ့ကြတဲ့ ဆရာ/မများကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

မောင်ညီပု
EL 13C
(Third Year)

## အလုပ်သင်/ ကုမ္ပဏီ၏ စကားသံ



ရှေးဦးစွာ CVT Myanmar ကို အလွန်ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ Mastech Company Limited မှ ဝန်ထမ်း တစ်ဦးကို လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာ လေ့လာသင်ယူရန် အလုပ်သင် သင်တန်းသားအဖြစ် CVT Myanmar ကို စေလွှတ်သင်ကြားစေခဲ့ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီမှ အလုပ်သင် သင်တန်းသားစေလွှတ်ရာမှာ လျှပ်စစ်အတတ်ပညာကို အသက်မွေးဝမ်းကြောင်း အတတ်ပညာတစ်ခုအဖြစ် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရန်၊ အသုံးချနိုင်ရန် မျှော်မှန်း၍ CVT Myanmar ကို စေလွှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ CVT Myanmar မှလည်း သင်တန်းသားများအား အရည်အသွေးပြည့်ဝအောင် အလေးထား သင်ကြားပေးသည့်အတွက် သူတို့ရဲ့ လုပ်ငန်းခွင်အတွင်းမှာပါ အရည်အချင်းပြည့်ဝစွာ ဆောင်ရွက်နိုင်တဲ့ ရလဒ်ကောင်းများကို ရရှိခဲ့တဲ့အတွက် ကျွန်တော်တို့ နိုင်ငံအတွက် CVT Myanmar ကဲ့သို့ သင်တန်းကျောင်းများ များစွာ လိုအပ်ပါတယ်။ ကျွန်တော်အနေနဲ့လည်း CVT Myanmar အနာဂတ်မှာ ပိုမိုအောင်မြင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဦးမင်းသူအောင်
လက်ထောက်အထွေထွေမန်နေဂျာ
Mastech Company Limited

# CVT အသိုက်အဝန်း ခိုင်မာစေရန် လုပ်ဆောင်ချက်များ

## The Lighthouse Club International မှ ပညာသင်ထောက်ပံ့သည့် အခမ်းအနားကျင်းပခြင်း

၂၀၁၉ စာသင်နှစ်အတွက် Lighthouse Club International မှ CVT Myanmar သို့ သင်တန်းသား (၄) ဦး၏တစ်နှစ်စာ ကုန်ကျစရိတ်အတွက် ပညာသင် ထောက်ပံ့ကြေးကို ဒီဇင်ဘာလ၊ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်၌ ပေးအပ်ခဲ့ပြီး သင်တန်း ၄ဦးသည်လည်း ယခု CVT တွင် သူတို့စိတ်ဝင်စားရာ ဘာသာရပ်များကိုလေ့လာဆည်းပူးနေပြီး သက်ဆိုင်ရာလုပ်ငန်းခွင်တွင် လုပ်ကိုင်နေပြီဖြစ်ပါသည်။
၂၀၂၀-၂၀၂၁ စာသင်နှစ်အတွက်လည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် သင်တန်းသား (၆) ဦးအတွက်ထပ်မံ လှူဒါန်းပါသည်။ လူငယ်များ၏ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံ ၏ ကျွမ်းကျင်လုပ်သားများ တိုးတက်လာစေရန် ရည်ရွယ်၍ CVT Myanmar နှင့် အလုပ်သင် သင်တန်း သားများအား ယုံကြည်စွာဖြင့် ထောက်ပံ့လှူဒါန်းပေးခဲ့သော Lighthouse Club Yangon Branch အား CVT Myanmar မှအထူးပင် ကျေးဇူးတင်ရှိပါသည်။



## Mickey’s Real Wood Upcycled Furniture နှင့် CVT Myanmar နားလည်မှု စာချွန်လွှာရေးထိုးခြင်း



၂၀၂၀ ခုနှစ်အတွက် Mickey’s Real Wood Upcycled Furnitures နှင့် CVT Myanmar တို့သည် Upcycle Project Training Course for beginner ကာလတိုသင်တန်းများအတွက် ပူးပေါင်း သဘောတူညီချက်ကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ သဘောတူညီစာချုပ်အရ ထိုသင်တန်းတွင် စိတ်ပါဝင်စားသော လူငယ်/လူကြီးများ လေ့လာလိုသူ မည်သူမဆို အခြေခံ Upcycle Project Training Course ဆိုင်ရာ အသိပညာ/အတတ်ပညာများ တတ်မြောက်စေရန် ရည်ရွယ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီးကာလတို သင်တန်းများကို ၂၀၂၀ ခုနှစ်အတွင်း ဖေဖော်ဝါရီလ၊ ဖွန်လနှင့် အောက်တိုဘာလတို့တွင် ဖွင့်လှစ်သွားမည် ဖြစ်သည်။

# ၂၀၁၉ ခုနှစ်အတွင်း CVT ၏ ထင်ရှားသော လှုပ်ရှားမှုပုံရိပ်များ

CVT သည် သက်မွေးစံပြကျောင်း တစ်ကျောင်းဖြစ်ပြီး စာတွေ့လက်တွေ့ သင်ကြားပေးနေသော အလုပ်သင်ပညာရေးစနစ်ဖြစ်ကာ မြန်မာပြည်တွင် ၁၇ နှစ်အတွင်း တစ်ဖြည်းဖြည်း တိုးတက်လာနေသော သင်တန်းကျောင်း တစ်ခုဖြစ်ပါသည်။ ကျောင်းသည် အသိပညာများ၊ နည်းပညာများအား ဖြန့်ဝေပေးရင်း သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့နှင့် ရင်းနှီး ချစ်ကြည်စွာ ပူးပေါင်းအလုပ်လုပ်ကိုင်လျက်ရှိနေပါသည်။ CVT သင်တန်းကျောင်းသည် ပညာရေး၊ အလုပ်သမား စွမ်းရည်မြှင့်တင်ရေး၊ ကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် အမျိုးသားအဆင့် ပါဝင် လှုပ်ရှားလျက်ရှိပါသည်။ အောက်ပါတို့သည် CVT နှင့် ပူးပေါင်းဆောင်ရွက်သော မိတ်ဖက်/ တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ပုံရိပ်များဖြစ်သည်။



ပြည်တွင်း အကြံပေးဘုတ်အဖွဲ့ အစည်းအဝေးကျင်းပခြင်း




Lighthouse Scholarship အလှူငွေပေးအပ်ခြင်း




Schindler နှင့် CVT သင်တန်းဆင်း လက်မှတ်ချီးမြှင့်ခြင်း



New Humanity Myanmar နှင့် CVT သက်မွေးသင်တန်းဆင်းပွဲ
(ငှက်အော်စမ်းကျောင်း)



CBU (ကလေးမြို့) နှင့် CVT တို့ သင်တန်းဆင်း လက်မှတ်ချီးမြှင့်ခြင်း



Mickey's Real Wood Upcycled Furnitures နှင့် CVT တို့
လက်မှတ်ရေးထိုးခြင်း

# ၂၀၁၉ ခုနှစ်အတွင်း CVT ၏ ထင်ရှားသော လှုပ်ရှားမှုပုံရိပ်များ



CVT Myanmar ၏ ကျောင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့



CVT Myanmar ၏ သစ်ပင်စိုက်ပျိုးခြင်း



CVT Myanmar သင်တန်းကျောင်းအကြောင်းကို
ဒလမြို့နယ်တွင် သွားရောက်ရှင်းလင်းပြသစဉ်



CVT Myanmar ၏ ကထိန်အလှူ ပြုလုပ်ခြင်း

# ၂၀၁၉ ခုနှစ်အတွင်း CVT Team Party ၏ လှုပ်ရှားမှုပုံရိပ်များ










# ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ် သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၂၀၂၀ - ၂၀၂၁ ပညာသင်နှစ် သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

CVT Myanmar သည် ၂၀၀၂ ခုနှစ်မှစတင်ကာ လူငယ်တို့ ရွေးချယ်ရာ အလုပ်အကိုင်ကဏ္ဍအလိုက် သီအိုရီအတတ်ပညာများကို အသက်မွေးမှုအတတ်ပညာနှင့် ပေါင်းစပ်သင်ကြားသည့် ဆွစ်ဇာလန်၏ စာတွေ့ လက်တွေ့ နှစ်လမ်းသွား အလုပ်သင်ပညာရေးပုံစံကို အခြေခံပြီး မြန်မာနိုင်ငံရှိ လူငယ်များနှင့် ကိုက်ညီမည့် အသက်မွေးမှုနယ်ပယ်ရပ်အမျိုးမျိုးကို သင်ကြား ပေးလျက်ရှိပါသည်။ ယခုအခါတွင် ဆရာ/ဆရာမများ နှင့် ဝန်ထမ်း ဦးရေ (၆၀)ကျော်၊ သင်တန်းသား (၅၀၀) ကျော်နှင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသော အသက်မွေးပညာသင်တန်း ကျောင်းတစ်ခု ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် "အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာန" မှ အသိအမှတ်ပြုသော သက်မွေးပညာ ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်းအဖြစ် မှတ်တမ်းတင်ခြင်း ခံရသည့်အပြင် "အမျိုးသား ကျွမ်းကျင်စံနှုန်း သတ်မှတ်ရေးအဖွဲ့" ၏ နိုင်ငံတော်အဆင့် ကျွမ်းကျင်မှုစစ်ဆေးရေးဌာန တစ်ခု ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဇွန်လကုန်တွင် CVT Myanmar ၏ ရုံး နှင့် စာတွေ့၊ လက်တွေ့ သင်တန်း များအားလုံး ကို မြန်မာနိုင်ငံကြက်ခြေနီရုံး အဆောက်အဦမှ အမှတ်(၂၇)၊ အာနန္ဒာဘုရားလမ်း နှင့်မေဃဝတီ ကျောင်းလမ်းထောင့်၊ ဘဝမြင့်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်သို့ အောင်မြင်စွာ ပြောင်းရွှေ့ ဖွင့်လှစ်ထားပြီးဖြစ်သည့်အတွက် တစ်နေရာတည်းမှာပင် စာတွေ့ လက်တွေ့ သင်ခန်းစာများကို သင်ယူလေ့ကျင့်နိုင်မည်ဖြစ်ပါသည်။

**သင်တန်းဝင်ခွင့် လျှောက်လွှာ ခေါ်ယူလျှက်ရှိသော သင်တန်းများ -**

| သင်တန်းအမျိုးအစား | သင်တန်းကာလ | သင်တန်းကြေး |
|---|---|---|
| Business Administrator (Preparation Course)<br>Batch – 1 | မေ - ဇွန် ၂၀၂၀ | အခမဲ့ |
| Business Administrator (Initial Intensive Course)<br>Batch – 1 | ဇူလိုင် - စက်တင်ဘာ ၂၀၂၀ | စုံစမ်းရန် |
| Metal Worker Profession (Initial Intensive Course) | မေ ၂၀၂၀ - ဇူလိုင် ၂၀၂၀ | စုံစမ်းရန် |
| Electrician (Initial Intensive Course) | မေ ၂၀၂၀ - ဇွန် ၂၀၂၀ | စုံစမ်းရန် |
| Hotel & Gastronomy (Initial Intensive Course)<br>- Room Division Operation<br>- Food & Beverage Operation | ဇွန် ၂၀၂၀ - ဇန်နဝါရီ ၂၀၂၁ | စုံစမ်းရန် |
| Cabinet Maker Profession (Initial Intensive Course) | မေ ၂၀၂၀ - ဇွန် ၂၀၂၀ | စုံစမ်းရန် |

**သင်တန်းလျှောက်ထားခွင့် လိုအပ်ချက်များ-**

| သင်တန်း အမျိုးအစား | ဝင်ခွင့် လိုအပ်ချက်များ |
|---|---|
| 1. Business Administrator (Preparation Course)<br>2. Business Administrator (Initial Intensive Course)<br>3. Metal Worker Profession (Initial Intensive Course)<br>4. Electrician (Initial Intensive Course)<br>5. Hotel & Gastronomy (Initial Intensive Course)<br>(Room Division Operation and Food & Beverage Operation)<br>6. Cabinet Maker Profession (Initial Intensive Course) | - အနည်းဆုံး အခြေခံအထက်တန်း အဆင့်<br>- အသက် ၁၇ နှစ်နှင့်အထက်<br>- မှတ်ပုံတင်မိတ္တူ<br>- ထောက်ခံစာ<br>- ဓာတ်ပုံ (၂) ပုံ |
| သင်တန်းလျှောက်လွှာထုတ်ပေးသည့်ရက် | တနင်္လာ မှ သောကြာ ရုံးချိန် ၉ နာရီ မှ ၅ နာရီအတွင်း |
| သင်တန်းလျှောက်လွှာလက်ခံသည့်ရက် | တနင်္လာ မှ သောကြာ ရုံးချိန် ၉ နာရီ မှ ၅ နာရီအတွင်း |
| ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့် ကာလ | သင်တန်းဖွင့်ရန် တစ်လ အလိုတွင် ဖြေဆိုရန် |

**Office**
No. 27, Corner of Arnandar Pagoda Street and Maygawaddy Kyaung Street, Bawamyint Quarter, Thingangyun Township, Yangon.
Ph : 95-9-73166206

www.cvt-myanmar.com
www.cvt-myanmar.org
Email: - info@cvtmyanmar.com
- pc@cvtmyanmar.com
GoogleMap: - CVT Myanmar PTC - Vocational Orientation Program- E4Y, Yangon
Layout Design by Yamin Aye

CVT myanmar
Center for Vocational Training
အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း